# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၆) ၂၀၂၃ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်


## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊နည်းဥပဒေနှင့်အမိန့်ကြော်ငြာစာအသစ်များအကြောင်းသိကောင်းစရာ။ | ၂-၃ |
| ၂။ | ဂျပန်တက္ကသိုလ်မှ အသက် ၂၃ နှစ်အရွယ် ဟောင်ကောင် ကျောင်းသူ Mika Yuen ကို နိုင်ငံတော် အကြည်ညိုပျက်စေမှုဖြင့် ဟောင်ကောင် West Kowloon Court က ထောင်ဒဏ် ၂ လ ချမှတ်လိုက်ခြင်း။ | ၄ |
| ၃။ | စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့်အခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ခြင်း နှင့် စပ်လျဉ်း၍သိကောင်းစရာ။ | ၅ |
| ၄။ | Singapore Convention on Mediation တွင် ဂျပန်နိုင်ငံမှ ပါဝင်လာခြင်း အကြောင်း။ | ၆-၇ |
| ၅။ | ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ နှစ် ၂၀ ပြည့် အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း။ | ၈-၁၀ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ (၁) အမှတ် (၂၆) ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ဥပဒေ၊ နည်းဥပဒေနှင့် အမိန့်ကြော်ငြာစာအသစ်များအကြောင်း သိကောင်းစရာ

ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုများပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ယခုသီတင်းပတ်အတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ရန်ကုန်တိုင်းဒေသကြီး၏ ဒေသန္တရစီမံကိန်းဥပဒေ၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ၊ ၂၀၂၂-၂၀၂၃ဘဏ္ဍာရေးနှစ် ကယားပြည်နယ်၏နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ရန်ကုန်တိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံးမှ စက်မှုဒီဇိုင်းမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများအပ်နှင်းခြင်းအမိန့်ကြော်ငြာစာ ၅ စောင်နှင့် စာပေနှင့်အနုပညာဆိုင်ရာမူပိုင်ခွင့်ဥပဒေအရ မူပိုင်ခွင့်တရားရုံး၏ စီရင်ပိုင်ခွင့်အာဏာများ အပ်နှင်းခြင်း အမိန့်ကြော်ငြာစာ ၅ စောင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ကော်မတီပြင်ဆင်ဖွဲ့စည်းခြင်း အမိန့်ကြော်ငြာစာ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်းအမိန့်ကြော်ငြာစာ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ဘဏ်နှင့် မိုဘိုင်းငွေကြေးရေးဝန်ဆောင်မှုများကိုအသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်အား တိုင်ကြားလာပါက ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ်များဆိုင်ရာလမ်းညွှန်ချက်တို့ကို အများပြည်သူများလွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ၁၅-၉-၂၀၂၃ ရက်နေ့တွင် အမိန့်ကြော်ငြာစာအမှတ် ၂၂/၂၀၂၃ ဖြင့် လိမ်လည်ထုတ်ယူခြင်းခံရသူ၏ နစ်နာဆုံးရှုံးမှုကို ကာကွယ်နိုင်ရေးအတွက် မသမာသူများက ဆက်သွယ် ဆောင်ရွက်သူ (မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုကို ရယူသည့်ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း)၏ မိုဘိုင်းငွေကြေးစာရင်းမှငွေများကို နည်းအမျိုးမျိုးအသုံးပြု၍ လိမ်လည်ရယူခြင်း ဖြစ်ပွားပေါ်ပေါက်ပါက အချိန်နှင့်တစ်ပြေးညီ အရေးယူဆောင်ရွက်နိုင်ရန် ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ပုဒ်မ ၁၃၂၊ ပုဒ်မခွဲ (ခ) အရ ဘဏ်နှင့် မိုဘိုင်းငွေကြေးရေးဝန်ဆောင်မှုများကို အသုံးပြု၍ လိမ်လည်မှုဖြစ်စဉ်အားတိုင်ကြားလာပါက ဆောင်ရွက်ရမည့် စံလုပ်ငန်းစဉ်များဆိုင်ရာ လမ်းညွှန်ချက်ကို ထုတ်ပြန်ခဲ့ပါသည်။

လိမ်လည်ထုတ်ယူခြင်းခံရသူ(လိမ်လည်ခံရသူ)သည် မိုဘိုင်းငွေကြေးစာရင်းမှ ငွေများ လိမ်လည်ခြင်းခံရပါက သက်ဆိုင်ရာမိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း၏ စုံစမ်းမေးမြန်းသည့်စင်တာ (Call Center)၊ တိုင်တန်းချက်လက်ခံသည့်စင်တာ (Complaint Center) သို့ ချက်ချင်းဆက်သွယ်အကြောင်းကြားရမည်ဖြစ်ပြီး စုံစမ်းမေးမြန်းသည့်စင်တာ (Call Center)၊ တိုင်တန်းချက် လက်ခံသည့်စင်တာ (Complaint Center) မှ လိုအပ်၍ တောင်းခံသည့်အချက်အလက်များကို ချက်ချင်းပေးပို့ရန်နှင့် သက်ဆိုင်ရာနယ်မြေရဲစခန်းတွင် အမှုဖွင့်ရမည်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ဤလုပ်ထုံးလုပ်နည်း၏အပိုဒ် ၄ ၌ သက်ဆိုင်ရာဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်း၏ စုံစမ်းမေးမြန်းသည့်စင်တာ(Call Center)၊ တိုင်တန်းချက်လက်ခံသည့်စင်တာ (Complaint Center) သည် စာရင်းပိုင်ရှင် မှန် မမှန်၊ တိုင်ကြားချက်နှင့် ပေးပို့သည့်အချက်အလက်များမှန်ကန်မှု ရှိ မရှိ စစ်ဆေးပြီး မိမိတို့ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့်ဌာနသို့ ချက်ချင်းဆက်လက်၍ အကြောင်းကြားရမည်ဟု ဖော်ပြထားပါသည်။

ဘဏ်နှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်း၏ သက်ဆိုင်ရာလုပ်ငန်းဆောင်ရွက်သည့်ဌာနက ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများကို အပိုဒ် ၅ (က) မှ (ဆ) အထိ ဖော်ပြထားပါသည်။

ဤလမ်းညွှန်ချက်အပိုဒ် ၆ ၌ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့သည် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူခြင်း၊ ငွေစာရင်းပိုင်ရှင်များ၏ သတင်းအချက်အလက်များ၊ ငွေစာရင်းမှတ်တမ်းများရယူခြင်းနှင့် ငွေစာရင်းယာယီတားဆီးခြင်းများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ဖော်ပြထားသည်ကို လေ့လာတွေ့ရှိရပါသည်။

e– Government ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

## ဂျပန်တက္ကသိုလ်မှ အသက် ၂၃ နှစ်အရွယ် ဟောင်ကောင်ကျောင်းသူ Mika Yuen ကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဟောင်ကောင် West Kowloon Court က ထောင်ဒဏ် ၂ လ ချမှတ်လိုက်ခြင်း

ဂျပန်နိုင်ငံရှိတက္ကသိုလ်တစ်ခုတွင် တက်ရောက်နေသော အသက် ၂၃ နှစ်အရွယ်ဟောင်ကောင်ကျောင်းသူ Mika Yuen ကို နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြင့် ဟောင်ကောင် West Kowloon Court က ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ထောင်ဒဏ် ၂ လ ချမှတ်ခဲ့ပါသည်။

အဆိုပါစွဲချက်သည် ဂျပန်နိုင်ငံရှိ တက္ကသိုလ်တစ်ခု၌ သူမကျောင်းတက်နေစဉ် လူမှုကွန်ရက်မီဒီယာများပေါ်တွင် ရေးသားခဲ့မှုများနှင့်သက်ဆိုင်နေသည်ဟု သိရှိရပါသည်။

ကျောင်းသူ Mika Yuen သည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာမှ ၂၀၂၃ ခုနှစ်၊ မတ်လအထိ Facebook နှင့် Instagram များပေါ်တွင် လွတ်လပ်ရေးကို ထောက်ခံသော ပြောဆိုချက်များ ရေးသားခဲ့သည်ဟု စွပ်စွဲခံခဲ့ရပါသည်။

သူမသည် မတ်လတွင် ဟောင်ကောင်သို့ ပြန်လာခဲ့ပြီးနောက် ဟောင်ကောင်၏ တရုတ်နိုင်ငံလုံခြုံရေးဥပဒေချိုးဖောက်မှု သံသယရှိသူအဖြစ် ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ပြီး နောက်ပိုင်းတွင် အဆိုပါစွဲချက်သည် နိုင်ငံတော်အကြည်ညိုပျက်စေမှုဖြစ်လာခဲ့ပါသည်။

Mika Yuen သည်အွန်လိုင်းပေါ်တွင်ရေးသားချက် ၁၃ ခုဖြင့် တရုတ်ဗဟိုအစိုးရကို မယုံကြည်ရေး လှုံ့ဆော်ရန်ကြိုးပမ်းခဲ့သည်ဟု တရားရုံးကပြောကြားခဲ့ပါသည်။ အဆိုပါအွန်လိုင်းပေါ်ရှိ ရေးသားချက် ၁၃ ခုအနက် ၁၁ ခုကို ဂျပန်နိုင်ငံ၌ ရှိနေစဉ်ကတည်းက ရေးသားခဲ့ခြင်းဖြစ်ပါသည်။

ကျောင်းသူ Mika Yuen သည် နိုင်ငံရပ်ခြား၌နေစဉ် ပြုလုပ်ခဲ့ခြင်းအတွက် ဟောင်ကောင်တွင် အပြစ်ပေးခံရပြီး West Kowloon Court တရားရုံး၏ ချမှတ်လိုက်သော ဆုံးဖြတ်ချက်ကြောင့် ပြည်သူများ၏ စိုးရိမ်မှုများကို ပိုမိုဆိုးရွားလာစေခဲ့ကြောင်း သိရသည်။

**e-Government** ဌာနခွဲ
ဝန်ကြီးရုံး
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://www3.nhk.or.jp/nhkworld/my/news/447204/
https://www.scmp.com/news/hong-kong/law-and-crime/article/3240279/hong-kong-student-japanese-university-jailed-sedition-after-she-created-13-social-media-posts

## စာပေနှင့် အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများ ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ သိကောင်းစရာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနသည် စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ ပုဒ်မ ၁၀၁ ပုဒ်မခွဲ(ခ)ပုဒ်မခွဲငယ်(၁)အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ ပြည်ထောင်စု အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် စာပေနှင့်အနုပညာလက်ရာများ၊ ဆက်နွယ်သည့် အခွင့်အရေး ဆိုင်ရာကိစ္စရပ်များကို မှတ်ပုံတင်ခြင်းဆိုင်ရာနည်းဥပဒေများကို ၂၃-၁၀-၂၀၂၃ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၇၀/၂၀၂၃ ဖြင့်ထုတ်ပြန်ခဲ့ပါသည်။

ယင်းသို့ထုတ်ပြန်စဉ်က စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ အကျိုးသက်ရောက်မည်ဖြစ်ရာ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေသည် ၃၁-၁၀-၂၀၂၃ ရက်စွဲပါ အမိန့် ကြော်ငြာစာအမှတ် ၂၁၈/၂၀၂၃ ဖြင့် အာဏာတည်သည့်နေ့ရက်သတ်မှတ်ပြီး ဖြစ်ပါသဖြင့် ယင်း နည်းဥပဒေသည်လည်း အဆိုပါနေ့တွင် စတင်အာဏာတည်ပြီး ဖြစ်ပါသည်။

မှတ်ပုံတင်လျှောက်ထားလိုသူသည် မူလလက်ရာရှင်၊ စာပေနှင့် အနုပညာ မူပိုင်ခွင့်ပိုင်ရှင် သို့မဟုတ် ဆက်နွယ်သည့်အခွင့်အရေးပိုင်ရှင်တစ်ဦးဦးသည် စာပေနှင့်အနုပညာမူပိုင်ခွင့်အခွင့်အရေး သို့မဟုတ် ဆက်နွယ်သည့် အခွင့်အရေးရရှိကြောင်း ခိုင်လုံသော သက်သေအထောက်အထားရရှိရန် စာပေ သို့မဟုတ် အနုပညာလက်ရာကိုမှတ်ပုံတင်လိုပါကလျှောက်လွှာပုံစံ(CR-1) ဖြင့်လည်းကောင်း၊ ဆက်နွယ်သည့် အခွင့်အရေးဆိုင်ရာကိစ္စရပ်ကိုမှတ်ပုံတင်လိုပါက လျှောက်လွှာပုံစံ(CR-2) ဖြင့်လည်း ကောင်း မှတ်ပုံတင်အရာရှိထံ လျှောက်ထားနိုင်ကြောင်း သိရှိရပါသည်။

နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်နှင့် ညွှန်ကြားချက်များဌာနခွဲ
ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန
https://www.commerce .gov.mm

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ (၁) အမှတ် (၂၆)　　　　၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁၀ ရက်

## Singapore Convention on Mediation တွင် ဂျပန်နိုင်ငံမှ ပါဝင်လာခြင်းအကြောင်း

ကုလသမဂ္ဂရုံးချုပ် ( United Nations Headquarters) သည် သဘောတူစာချုပ်များတွင် နိုင်ငံများမှ သဘောတူပါဝင်ခြင်းနှင့်စပ်လျဉ်း၍ ဂျပန်နိုင်ငံမှ ၁-၁၀-၂၀၂၃ ရက်နေ့တွင် စင်ကာပူ စေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်း ( Singapore Convention on Mediation ) ၌ သဘောတူပါဝင်ခဲ့ကြောင်း UNIS/L/350ဖြင့် ၃-၁၀-၂၀၂၃ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပါသည်။ ဂျပန်နိုင်ငံမှ အဆိုပါ ကွန်ဗင်းရှင်းတွင် သဘောတူပါဝင်ခြင်းသည် ၁-၄-၂၀၂၄ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ပြီး၊ ကွန်ဗင်းရှင်းအပိုဒ် ၈(၁)(ခ)နှင့်အညီ ခြွင်းချက်ထား သဘောတူပါဝင်ခဲ့ခြင်း ဖြစ်ကြောင်း တွေ့ရှိရပါသည်။

စင်ကာပူစေ့စပ်ဖြေရှင်းရေး ကွန်ဗင်းရှင်းသည် နိုင်ငံတကာကုန်သွယ်ရေး လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်နှင့် စီးပွားရေးဆိုင်ရာ အငြင်းပွားမှုများကို ဖြေရှင်းရာတွင် ထိရောက်သည့် နည်းလမ်းတစ်ရပ်အဖြစ် စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းဖြင့် ဖြေရှင်းခြင်းကို အားပေးမြှင့်တင်ရန် နိုင်ငံများမှသဘောတူချုပ်ဆိုထားသည့် စာချုပ်တစ်ရပ်ဖြစ်ပါသည်။ အဆိုပါ ကွန်ဗင်းရှင်းကို နိုင်ငံများနှင့်ဒေသဆိုင်ရာ စီးပွားရေးလုပ်ငန်းများဆောင်ရွက်နေသည့် အဖွဲ့အစည်းများမှ ပါဝင်လက်မှတ်ရေးထိုးခြင်း၊ အတည်ပြုခြင်းနှင့် သဘောတူပါဝင်ခြင်းတို့ပြုလုပ်နိုင်ရန် ၇-၈-၂၀၁၉ ရက်နေ့မှစ၍ ဖိတ်ခေါ်ခဲ့ရာ ဂျပန်နိုင်ငံသည် ၁၂ နိုင်ငံမြောက် အတည်ပြုသည့် နိုင်ငံအဖြစ်ပါဝင်ခဲ့ကြောင်း တွေ့ရှိရပါသည်။

ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံအပါအဝင် အရှေ့တောင်အာရှနိုင်ငံများတွင် ရင်းနှီးမြှုပ်နှံမှုများသည့်နိုင်ငံဖြစ်ပြီး စက်မှုပိုင်းနှင့် နည်းပညာပိုင်းဆိုင်ရာတိုးတက်သော နိုင်ငံဖြစ်ပါသည်။ စင်ကာပူစေ့စပ်ဖြေရှင်းရေးကွန်ဗင်းရှင်းသည် တစ်ညီတစ်ညွတ်တည်းနှင့် ထိရောက်မှုရှိသော ဥပဒေမူဘောင်တစ်ရပ်ဖြစ်သည်နှင့်အညီ ဂျပန်နိုင်ငံမှ ယင်းကွန်ဗင်းရှင်းတွင် ပါဝင်လာခြင်းဖြင့် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်ရာတွင် အငြင်းပွားမှုများကို ဖြေရှင်းနိုင်မည့်နည်းလမ်းတစ်ရပ်အဖြစ် ရွေးချယ်လာနိုင်မည်ဖြစ်သောကြောင့် စီးပွားရေးအခွင့်အလမ်းများနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ ပိုမိုတိုးတက်ဖြစ်ထွန်းလာမည်ဟု သုံးသပ်တွေ့ရှိရပါသည်။

မြန်မာနိုင်ငံကဲ့သို့သော အဖွဲ့ဝင်မဟုတ်သည့် နိုင်ငံများအနေဖြင့်လည်း ယင်းကွန်ဗင်းရှင်း၏ အားနည်းချက်၊ အားသာချက်များကို လေ့လာသိရှိခြင်းဖြင့် စေ့စပ်ဖြေရှင်းခြင်းနည်းလမ်းတစ်ရပ် အနေဖြင့် ရွေးချယ်ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Source: https://unis.unvienna.org/unis/pressreis/2023/unisL350.html

## ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ နှစ် ၂၀ ပြည့်အထိမ်းအမှတ် အခမ်းအနား ကျင်းပခြင်း

ကမ္ဘာ့နိုင်ငံအသီးသီးမှ ရင်ဆိုင်ကြုံတွေ့နေရသော အဂတိလိုက်စားမှုပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ကမ္ဘာ့ကုလသမဂ္ဂသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန် ဗင်းရှင်း (United Nations Convention against Corruption) ကို ၃၁-၁၀-၂၀၀၃ ရက်နေ့တွင် ကုလသမဂ္ဂ အထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၅၈/၄ ဖြင့် အတည်ပြုချမှတ်ခဲ့ပြီးနောက် ၁၄-၁၂-၂၀၀၅ ရက်နေ့တွင် အာဏာသက်ဝင်ခဲ့သည်။ ယခုအချိန်အထိ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၀ နိုင်ငံ ရှိပြီးဖြစ်သည်။

မြန်မာနိုင်ငံသည် ၂၀၀၅ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအား လက်မှတ်ရေးထိုးခဲ့ပြီး ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် အတည်ပြုပါဝင်ခဲ့သည်။ မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသို့ ဝင်ရောက်သည့် ၁၆၅ နိုင်ငံမြောက်ဖြစ်ပြီး ကွန်ဗင်းရှင်းက ချမှတ်ထားသည့် အချက်များ၊ လိုက်နာကျင့်သုံးရမည့်ကျင့်ဝတ်များကို လိုက်နာကာအဖွဲ့ဝင်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ၂၀၁၃ ခုနှစ် ဩဂုတ်လ ၇ ရက်နေ့တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကိုပြဋ္ဌာန်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းခဲ့သည်။ ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများသည် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း အာဏာသက်ဝင်သည့်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ပြီး အထိမ်းအမှတ်အခမ်းအနားများကိုနှစ်စဉ် ကျင်းပလျှက်ရှိကြသည်။

၂၀၂၃ ခုနှစ်အောက်တိုဘာလ ၃၁ ရက်နေ့သည် ကုလသမဂ္ဂအထွေထွေညီလာခံက ကုလသမဂ္ဂ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို အတည်ပြုခဲ့သည့် နှစ် (၂၀) ပြည့်မြောက်သည့် နေ့ဖြစ်သောကြောင့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း၏ နှစ် (၂၀) ပြည့် အခမ်းအနားကို ယင်းနေ့တွင် United Nations Office on Drugs and Crime (UNODC) မှ ကြီးမှူး၍ ဗီယင်နာအပြည်ပြည်ဆိုင်ရာစင်တာ၌ ကျင်းပခဲ့သည်။ အခမ်းအနားသို့ ဗီယင်နာမြို့ အခြေစိုက်ကုလသမဂ္ဂနှင့် အခြားသောအဖွဲ့အစည်းများ ၊ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမှကိုယ်စား

လှုယ်များ တက်ရောက်ခဲ့ပါသည်။ UNODC က ယင်းနေ့အခမ်းအနားး၏ သတင်းထုတ်ပြန်ချက် အနေဖြင့် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းသည် အဂတိလိုက်စားမှုကိုတားဆီးကာကွယ်ရန် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုကိုမြှင့်တင်၍ နည်းပညာအကူအညီနှင့် သတင်းအချက်အလက်များဖလှယ်ရေးကိုမြှင့် တင်ဆောင်ရွက်နိုင်ရန်ဖြစ်ကြောင်း၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် အစိုးရ၊ NGO များ ၊ မီဒီယာနှင့် နိုင်ငံတကာအသိုက်အဝန်းများမှ ပူးပေါင်းဆောင်ရွက်၍ အဂတိလိုက်စားမှုကို ထိထိရောက်ရောက် ကိုင်တွယ်ဖြေရှင်းခြင်းဖြင့် တရားဥပဒေစိုးမိုးရေးကိုမြှင့်တင်နိုင်မည့်အပြင် ဒီမိုကရေစီကိုခိုင်မာအားကောင်းစေမည်ဖြစ်ကြောင်း၊ နိုင်ငံများက ကွန်ဗင်းရှင်းအား အကောင်အထည်ဖော်ရာတွင် ကွာဟချက်များရှိပြီး နည်းပညာအကူအညီလည်း လိုအပ်လျှက်ရှိကြောင်း၊ UNODC အနေဖြင့် နိုင်ငံများက ကွန်ဗင်းရှင်းပါလုပ်ငန်းများအား အကောင်အထည်ဖော်နိုင်ရန် အကူအညီများပေးလျက်ရှိကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂ၏ အချက်အလက်များအရ ၂၀၁၅-၂၀၂၁ ခုနှစ်အတွင်း ကမ္ဘာတစ်ဝှမ်းရှိ ပြည်သူ့ဝန်ဆောင်မှုလုပ်ကိုင်သူ ၂၀ ရာခိုင်နှုန်းသည် လာဘ်ပေးလာဘ်ယူမှုများရှိနေကြောင်း၊ လာဘ်ပေးလာဘ်ယူဆောင်ရွက်မှုတွင် ဝင်ငွေနည်းသောနိုင်ငံများက ၃၇.၆ ရာခိုင်နှုန်းရှိပြီး ဝင်ငွေမြင့်သောနိုင်ငံများက ၇.၂ ရာခိုင်နှုန်းရှိကြောင်း နှင့် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ အမေရိကန်ပြည်ထောင်စု အတ္တလန်တာမြို့တွင် ကျင်းပမည့်ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက် ဖျက်ရေးကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၏ ၁၀ ကြိမ်မြောက်ညီလာခံသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကြိုးပမ်းမှုအတွက် အခွင့်အလမ်းများရှိလာမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်ခဲ့သည်။

အပြည်ပြည်ဆိုင်ရာဥပဒေနှင့်အာဆီယံဥပဒေရေးရာဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

Sources-

-https://www.unodc.org/unodc/frontpage/2023/October/uniting-the-world-against-corruption_-celebrating-the-20th-anniversary-of-the-united-nations-convention-against-corruption.html

-https://ww　w.mofa.gov.mm/

-https://www.accm.gov.mm/acc/index.php?route=common/home

-https://www.mdn.gov.mm/my/agttiliukcaamu-ttiukphkrekeaamrnge-agttiliukcaamu-ttiukphkre-lupngncheaangrkkhkmaa

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

